## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၃)
# ကျွန်ုပ်၏ အသက်တာသည်ဘုရားသခင်အတွက်အရေးကြီးပါသလား

အချို့သောနံနက်ခင်းမှာ ကမ္ဘာကြီးသည် ပါရဒိသုဘုံပမာနှင့်တူလှ၏။ နံနက်ခင်းနိုးလျှင်နိုးချင်း ပြတင်းပေါက်ဝမှ မတ်တတ်ရပ်ကာ လေပြင်းပြင်းရှူလိုက်ပါ။ နေရောင်ခြည်အလင်းသည် သစ်ပင်များအပေါ်မှရောင်ပြန်ဟပ်နေသည်။ သစ်ရွက်များတစ်ရွက်ပြီးတစ်ရွက်ကြည့်ပါက တစ်ချိန်တစ်ခါတွင် လူ၏အသက်တာသည်တန်ဖိုးရှိကြောင်းသိရ၏။ ချစ်ခင် ရသောမိတ်ဆွေများကိုနှုတ်ဆက်ရခြင်း၊ လူ၏စိတ်ကိုကြည်နူးစေသောသီချင်းများခံစားမှုနှင့် တိုက်ဆိုင်ရခြင်း၊ စဉ်းစား မရသောကလေးချစ်ချစ်ရသကဲ့သို့ မေတ္တာကိုခံစားရခြင်းများဖြစ်သည်။

အချို့သောနံနက်ခင်းများမှာမူ ကမ္ဘာကြီးအတွက်ကြောက်မက်ဖွယ်များနိုးထလာသောအခါ သတင်းစာခေါင်းကြီး ပိုင်းတွင် အကြမ်းဖက်သမားများ၏ဗုံးကြောင့် သေကျေပျက်စီး၊ ကြိုးကန်းကြောင်းသိရသည်။ ဆက်တိုက်သတ်သည့် လူသတ်သမား လူဆယ်ယောက်မြောက်ကိုသတ်ခဲ့ကြောင်းဖတ်ခဲ့ရ၏။ တစ်ဆက်တည်းမှာပင် ငတ်မွတ်ခေါင်းပါးခြင်း အကြောင်း၊ ငလျင်ဒဏ်ခံရသူများအကြောင်းဖတ်ရ၍ အကြောင်းမဲ့ဖြစ်ပေါ်ရခြင်းနှင့် မတော်မတရားအကြောင်းသာစဉ်းစား မိ၏။

ဤဖြစ်ရပ်များသည် မည်သည့်အဓိပ္ပါယ်ကိုဖေါ်ထုတ်ပေးပါသနည်း။ ထူးဆန်း၍ကြောက်မက်ဖွယ်ကောင်းသော ကျွန်ုပ်တို့၏ကမ္ဘာကြီးကိုတွေးမိပါသလား။ ဤကဲ့သို့ကမ္ဘာကြီးအပေါ် ကျွန်ုပ်တို့မည်ကဲ့သို့ရောက်လာပါသလဲ။ ကျွန်ုပ်၏ အသက်တာသည် ဘုရားသခင်အတွက်အရေးကြီးပါသလား။ (သို့တည်းမဟုတ်) ဤစကြဝဠာစက်ယန္တရားကြီးတန်ဖိုး မရှိသောအရာလား။

## ၁။ ဘုရားသခင်သည်ကမ္ဘာကြီးအားပြည့်စုံစွာဖန်ဆင်းထားသည်

ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သည်။ ဗိသုကာ၊ ပုံဆွဲဆရာ၊ အရောင်အမျိုးမျိုးပြောင်းသောကြယ်ကြီးမှ လိပ်ပြာအကောင်အထိ ဖန်ဆင်းခဲ့ပါသည်။ “ထာဝရဘုရားသခင်၏နှုတ်တွက်စကားတော်အားဖြင့် မိုးကောင်းကင်ကို လည်းကောင်း၊ နှုတ်တော်အသံအားဖြင့် မိုးကောင်းကင်တန်ဆာများကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။ သမုဒ္ဒရာရေကို စုပုံစုဝေးစေတော်မူ၏။ နက်နဲသောသမုဒ္ဒရာကိုလည်း လုံခြုံရာအရပ်တို့၌သိုထားတော်မူ၏။ ထာဝရဘုရားသခင်ကို မြေကြီးတစ်ပြင်လုံးကြောက်ရွံ့စေ၊ လောကနိုင်ငံသားအပေါင်းတို့သည် ရိုသေလေးမြတ်ကြစေ၊ အကြောင်းမူကား ထာဝရဘုရားသခင်မြွက်ဆိုသည့်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍ မိန့်တော်မူသည်အတိုင်းတည်လျက်နေ၏” (ဆာလံ ၃၃း၆–၉)။ ထာဝရဘုရားသခင်ပြောရန်သာလို၏။ ပြောဆိုသည့်အတိုင်း အခြေခံသိပ္ပံပစ္စည်းများတို့သည်နားထောင်၏။

## ၂။ ခြောက်ရက်တွင်းကမ္ဘာကြီးကိုဖန်ဆင်းသည်

“အကြောင်းမူကား၊ ထာဝရဘုရားသခင်သည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာအရပ်ရပ်တို့၌ ရှိသမျှတို့ကို ခြောက်ရက်အတွင်းဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရဘုရားသခင်သည် သတ္တမနေ့ရက်ကိုကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏” (ထွက် ၂၀း၁၁)။

ထာဝရတန်ခိုးခွန်အားကြီးသောဘုရားသခင်သည် တစ်ခဏချင်းတွင် နှုတ်တော်ထွက်အမိန့်ဖြင့် ဖန်ဆင်းနိုင်၏။ သို့ရာတွင် ခြောက်ရက်တိုင်တိုင်အချိန်ယူကာဖန်ဆင်းတော်မူ၏။ ကျမ်းစာတွင်ပထမဦးဆုံးအခန်းတွင် ကမ္ဘာဦးကျမ်းအခန်းကြီး (၁) တွင်တစ်ရက်တစ်မျိုး တစ်ပတ်အတွင်းဖန်ဆင်းခဲ့၏။ ခြောက်ရက်နေ့၌အထူးချွန်ဆုံးဖန်ဆင်းခြင်းမှာ မည်သည့်အရာဖြစ်သနည်း။

| ဖန်ဆင်းခြင်းအပတ် | |
|---|---|
| ပထမနေ့ | – အလင်းနေ့နှင့်ညလည်ပတ်ခြင်း |
| ဒုတိယနေ့ | – ကမ္ဘာကြီးနှင့်လေ |
| တတိယနေ့ | – ကုန်းမြေနှင့်အပင်မျိုးစုံ |
| စတုတ္ထနေ့ | – နေနှင့်လ |
| ပဉ္စမနေ့ | – ငှက်နှင့်ငါး |
| ဆဋ္ဌမနေ့ | – ကုန်းသတ္တဝါနှင့်လူ |
| သတ္တမနေ့ | – ဥပုသ်နေ့ |

“ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင်” (ကမ္ဘာဦး ၁း၂၇)။

ဘုရားသခင်သည် လူနှင့်တူသောလူပုဂ္ဂိုလ်ကိုဖန်ဆင်း၍ ဆွေးနွေးသုံးသပ်ခြင်း၊ ခံစားတတ်ခြင်း၊ မေတ္တာတရားပြတတ်ခြင်း၊ ဘုရားသခင်နှင့်တူညီသောလူကိုဖန်ဆင်းတော်မူ၏။

လူတိုင်းတို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်အတိုင်းဖန်ဆင်း၏။ ခြောက်ရက်နေ့အပြီးတွင် ကမ္ဘာကြီးသည် သစ်ပင်မျိုးစုံ၊ သတ္တဝါမျိုးစုံပြည့်ဝလျက်ရှိ၏။ ထို့နောက် ဖန်ဆင်းခြင်း၏အထွတ်အထိပ်ဖြစ်သောလူအာဒံကို မြေကြီးမှ မြေမှုန့်ကိုယူ၍ အာဒံ၏ကိုယ်ကိုပြုလုပ်လေ၏။ ထို့နောက် အာဒံ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်သွင်းသောအခါ အသက်ရှင်သောလူဖြစ်လာ၏။ (ကမ္ဘာဦး ၂း၇)။ ဘုရားသခင်သည် ပထမလူကို အာဒံဟုခေါ်သတည်း။ အာဒံ၏ အနက်အဓိပ္ပါယ်မှာ လူဟုဆိုလိုသတည်း။ ပထမမိန်းမဧဝအနက်အဓိပ္ပါယ်မှာ အသက်ရှင်ခြင်းဟုဆိုလိုသတည်း။ (ကမ္ဘာဦး ၂း၂၀။ ၃း၂၀)။ မေတ္တာဖြင့်ပြည့်ဝသောဖန်ဆင်းရှင်သခင်သည် လူ၌အဖော်လိုကြောင်းကိုမြင်၏။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏ပုံသဏ္ဌာန်အတိုင်းဖန်ဆင်း၏။ စဉ်းစားနိုင်သည့်ရွေးချယ်နိုင်သောအခွင့်အရေးကိုပေးထား၏။ သတိရနိုင်ရန်၊ နားလည်နိုင်ရန်၊ မေတ္တာတုံ့ပြန်နိုင်ရန် ခွင့်ပြုထား၏။ အာဒံနှင့်ဧဝသည် ဘုရားသခင်၏သားနှင့်သမီးများဖြစ်၏။ လူတို့အား ဘုရားသခင်သည်အထူးချစ်တော်မူ၏။

## ၃။ နတ်ဆိုးသည်စုံလင်သောကမ္ဘာထဲသို့ဝင်ရောက်လာသည်

အာဒံနှင့်ဧဝဝမ်းမြောက်ခြင်းရှိရန် ပြည့်စုံခြင်းရှိ၏။ သူတို့နှစ်ဦးကာယကျန်းမာခြင်း၊ စိတ္တကျန်းမာခြင်းအပြည့်အဝရှိ၏။ ခြောက်ပြစ်ကင်းသောအိမ်ဥယျာဉ်ထဲ၌နေရ၏။ (ကမ္ဘာဦး ၂း၈။ ၁း၂၈–၃၁)။ ဘုရားသခင်သည် လူတို့ကလေးရရန် ကတိပေးထားသည်။ လူတို့အားလည်းစူးစမ်းရှာဖွေသောအစွမ်းသတ္တိနှင့် လက်ဖြင့်လုပ်ကိုင်သောအရာခပ်သိမ်းအပေါ် ကျေနပ်မှုပေး၏ (ကမ္ဘာဦး ၁း၂၈။ ၂း၁၅)။ ဖန်ဆင်းရှင်နှင့်မျက်နှာချင်းဆိုင်မိတ်ဖွဲ့ရသောအခွင့်ရှိ၏။ ပူပန်သောက၊ ကြောက်ရွံ့တုန်လှုပ်ခြင်း၊ မကျန်းမမာဖျားနာသောအချိန်အခါနှင့်ရင်မဆိုင်ရပါ။

ကမ္ဘာကြီးသည် ချက်ချင်းဆိုသလိုမည်ကဲ့သို့ဝမ်းနည်းကြေကွဲဖွယ်နှင့်ရင်ဆိုင်ရပါသနည်း။ ကမ္ဘာဦးအခန်းကြီး ၂ နှင့် ၃ တွင်ဖတ်ကြည့်ပါ။ ကမ္ဘာကြီးအတွင်းသို့ဝင်လာပုံကိုဖော်ပြထားသည်။ အားလပ်သောအချိန်တွင်ဖတ်ကြည့်ပါ။ ဖြစ်ပျက်ပုံ၏အသေးစိတ်မှာ–

နတ်ဆိုးသည် ဧဒင်ဥယျာဉ်ထဲသို့ဝင်လာ၍ အာဒံနှင့်ဧဝအား ဖန်ဆင်းရှင်ကိုနားမထောင်ရန် သွေးဆောင်ခဲ့ပါသည်။ လူအားသွေးဆောင်ရန် ကောင်းမကောင်းသိကျွမ်းနိုင်သောအပင်အားဖြင့် အခွင့်ကောင်းယူခဲ့ပါသည်။ ဘုရားသခင်သည် အာဒံနှင့်ဧဝတို့အား ထိုအသီးကိုမစားရန်နှင့် သေမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ထိုနေ့၌ဧဝသည် ထိုအပင်အနီးသို့ရောက်သွားရာ စာတန်သည်အခွင့်ကောင်းယူကာသွေးဆောင်လေသည်။ စာတန်က ထာဝရဘုရားသခင်ဆင့်ဆိုသောစကားမှာ မမှန်ကြောင်းနှင့်စားခဲ့လျှင် ပညာဉာဏ်တိုးပွား၍ ဘုရားသခင်နှင့်တူညီမည်ဖြစ်ကြောင်းပြောဆိုလေသည်။ ဝမ်းနည်းစွာဖြင့် ဧဝသည်သွေးဆောင်ခြင်းခံရ၍ နောက်ပိုင်းတွင် အာဒံလည်းခံရလေတော့သည်။ အာဒံနှင့်ဧဝသည် အကောင်းသာသိခဲ့သော်လည်း စာတန်၏သွေးဆောင်ခြင်းကိုလက်ခံခဲ့သောကြောင့် ထာဝရဘုရားသခင်အား နားထောင်ခြင်းနှင့်ကိုးစားမှုကိုဖြတ်တောက်ခဲ့လေသည်။ ဘုရားသခင်၏အကြံတော်သည် အာဒံနှင့်ဧဝအား ကမ္ဘာကြီးကို အုပ်ချုပ်ထိန်းသိမ်းရန်စီစဉ်ခဲ့သော်လည်း (ကမ္ဘာဦး ၁း၂၆) စာတန်ကိုသာ ခေါင်းဆောင်အဖြစ်ရွေးချယ်ခဲ့သောကြောင့် သူတို့နှစ်ဦး၏အခွင့်အရေးဆုံးရှုံးခဲ့လေသည်။ ထိုအချိန်အခါမှစ၍ စာတန်သည် ကမ္ဘာကြီးကိုပိုင်ဆိုင်ကြောင်းကြေညာ၍ လူအများတို့အား မိမိ၏ကျွန်အဖြစ်သိမ်းသွင်းခဲ့လေသည်။

ကျွန်ုပ်တို့ကြိမ်ဖန်ပေါင်းများစွာတစ်ကိုယ်ကောင်းစိတ်ဖြင့် သူတစ်ပါးအပေါ်ရက်စက်စွာကျင့်ကြံခဲ့ပါသည်။ အမှန်တကယ်မှာ အကျင့်ကောင်းများဖြင့်နေလိုသော်လည်းမရပါ။ ဘာကြောင့်လဲ၊ မမြင်ရသောနတ်ဆိုးစာတန်သည် အကျင့်ကောင်းကျင့်စောင့်မည့်လူကို နည်းမျိုးစုံဖြင့်စုံစမ်းသွေးဆောင်သောကြောင့်ဖြစ်၏။ ကမ္ဘာဦးအခန်းကြီး ၃ ကို ဖတ်သောအခါ အာဒံနှင့်ဧဝသည် အပြစ်ကြောင့် ဘုရားသခင်ကိုကြောက်၍ ပုံးအောင်းနေကြောင်းသိရ၏။ အပြစ်သည်ဖန်ဆင်းခြင်းခံရသမျှအရာအားလုံးကိုထိခိုက်လာတော့သည်။ ပန်းနှင့်အတူဆူးပါလာတော့သည်။ မြေကြီးသည်လည်း မိုးခေါင်ရေရှားဖြစ်လာသည်။ အလုပ်သည်ဝန်ထုပ်ပမာဖြစ်လာသည်။ ရောဂါများတို့သည် လူအားဘေးဒုက္ခပေးလာတော့သည်။ မနာလိုဝန်တိုခြင်း၊ လောဘစိတ်ဓါတ်ပြန့်ပွားကာ လူတို့အားစိတ်ဆင်းရဲမှုကိုပေးလေသည်။ အဆိုးဆုံးအမွေမှာ အပြစ်၏သေခြင်းတရားကိုယုံဆောင်လာတော့သည်။

## ၄။ ဤလောကကြီး၏အပြစ်ပယောဂပူးဝင်စွဲကပ်စေသောနတ်ဆိုးသည်အဘယ်သူနည်း

"စာတန်နတ်ဆိုးသည် ရှေးဦးစွာမှစ၍ လူ့အသက်ကိုသတ်သောသူဖြစ်၏။ သူ့၌ သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌မတည်မနေ။ သူသည် မုသားစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသားစကား၌ ကျင်လည်သောသူဖြစ်၏" (ယောဟန် ၈း၄၄)။

ခရစ်တော်၏ဖော်ပြချက်မှာ– စာတန်နတ်ဆိုးသည် စကြဝဠာထဲသို့ အဦးဆုံးအပြစ်ယူဆောင်လာသူဖြစ်ကြောင်း ဖော်ပြထား၏။ အပြစ်၏အဘ၊ လူသတ်သမား၊ လိမ်လည်သောသူဖြစ်၏။ သောမတ်စ်ခါးလိုင်း အင်္ဂလိပ်အတွေးအခေါ်ပညာရှင်ကြီးတစ်ဦးသည် ရပ်(ဖ်)ဝေါဒိုအီမားဆန်လန်ဒန် အရှေ့ဖျားရှိ ပြည့်တန်ဆာရပ်ကွက်အား ခေါ်ဆောင်ပြသခဲ့ပြီး ခါးလိုင်းက "ခင်ဗျား ယခုစာတန်နတ်ဆိုးရှိကြောင်းယုံကြည်ပြီလားဟုမေးခဲ့ဖူးသည်။"

## ၅။ ဘုရားသခင်သည်နတ်ဆိုးကိုဖန်ဆင်းခဲ့ပါသလား

မဟုတ်ပါ။ ဘုရားသခင်သည် နတ်ဆိုးကိုမဖန်ဆင်းပါ။ သို့ရာတွင် ကျမ်းစာတော်မြတ်၏ထွက်ဆိုချက်အရ၊ နတ်ဆိုးသည် သူသွေးဆောင်၍ရသော ကောင်းကင်တမန်အပေါင်းတို့နှင့် ကောင်းကင်နေအိမ်ပျောက်၍ ဤလောကသို့ရောက်လာကြောင်းဖော်ပြထားသည်။ "ကောင်းကင်၌စစ်ဖြစ်၏။ မိက္ခေလနှင့် သူ၏ကောင်းကင်တမန်တို့သည်

နဂါးကိုစစ်တိုက်ကြ၏။ နဂါးနှင့်သူ၏တမန်တို့သည်စစ်တိုက်၍မနိုင်ကြ။ ကောင်းကင်၌လည်း သူတို့နေစရာမရှိ။ ထိုအခါ လောကတစ်နိုင်ငံလုံးကိုလှည့်ဖြား၍ စာတန်အမည်ရှိသောရှေးမြွေဟောင်းတည်းဟူသောနဂါးကြီးကိုလည်းကောင်း၊ သူနှင့်အတူ သူ့တမန်တို့ကိုလည်းကောင်း မြေကြီးသို့ချလိုက်ကြ၏။" (ဗျာ၊ ၁၂း၇–၉)။

### *စာတန်နတ်ဆိုးသည် မည်ပုံမည်နည်းဖြင့်ရောက်ခဲ့ပါသနည်း*

"သင်သည် ဖြန့်၍လွှမ်းမိုးသောခေရုဗိမ်ဖြစ်လျက် ငါ့အခွင့်နှင့် ဘုရားသခင်၏သန့်ရှင်းသောတောင်ပေါ်မှာ နေရာကျ၍ မီးတောက်သောကျောက်တို့တွင်သွားလာရ၏။ ဖွားသောနေ့မှစ၍ သင့်အပြစ်ထင်ရှားသောနေ့တိုင်အောင် ပြုလေရာရာ၌စုံလင်လျက်ရှိ၏။" (ယေဇကျေလ ၂၈း၁၄၊ ၁၅)။

## ၆။ လူစီဖါ၊ ပြည့်စုံသောကောင်းကင်တမန်သည် ဘာကြောင့်အပြစ်ပြုလုပ်ပါသနည်း

"အိုနံနက်သားမိုးသောက်ကြယ်၊ သင်သည်ကောင်းကင်ကကျလေပြီတကား။ အပြည်ပြည်တို့ကိုနှိပ်စက်သော သင်သည် မြေကြီးတိုင်အောင်ခုတ်လှဲခြင်းကိုခံရလေပြီတကား။ သင်ကလည်း၊ ကောင်းကင်ပေါ်သို့ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကိုငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ကြိုတင်နိမိတ်ဟောရာတောင်ပေါ်မှာ ငါထိုင်မည်။ မိုးတိမ်ထိပ်ပေါ်သို့ငါတက်မည်။ အမြင့်ဆုံးသောဘုရားသခင်ကဲ့သို့ငါနေမည်ဟု စိတ်အကြံရှိလေပြီ။" (ဟေရှာယ ၁၄း၁၂–၁၄)။

နတ်ဆိုးသည် ကနဦးက လူစီဖါအမည်ရှိ၏။ လူစီဖါ၏အနက်မှာ တောက်ပသောမိုးသောက်ကြယ်ဖြစ်၏။ ဤစာတန်၏စိတ်တွင် တစ်ကိုယ်ကောင်းနှင့် လောဘဇောတို့သည် ဘုရားသခင်ကိုကိုးကွယ်လိုသောစိတ်အတွင်းသို့ဝင်ရောက်လာကြသည်။ ဝါကြွားခြင်းသဘောသည်ကြီးထွားလာ၍ ငြူစူသောသဘောဝင်ကာ ဘုရားသခင်၏နေရာကိုယူရန် ကြံစည်လေတော့သည်။

လူစီဖါသည် အခြားတမန်တို့အား သူ့နောက်လိုက်ရန် အတော်ပင်တိုက်တွန်းသွေးဆောင်ရပေသည်။ သူ၏တမန်တို့နှင့်အပြန်အလှန်ဆွေးနွေး၊ သုံးသပ်၊ တိုင်ပင်ကာ ဘုရားသခင်သည် ဆရာစားချန်ထားကြောင်း၊ သူ၏ပညတ်တော်တို့သည် ချုပ်ချယ်လိုသောသဘောရှိကြောင်း၊ တစ်ဖက်သတ်ဖြစ်ကြောင်းနှင့် သူ၏တမန်တို့အား ဖြားယောင်းသွေးဆောင်ခဲ့လေသည်။ ဘုရားသခင်၏ပညတ်တော်တို့သည် မေတ္တာတရားနှင့် လူလူချင်းစာနာသက်ညှာမှုမရှိကြောင်းဖြင့် နည်းမျိုးစုံနှင့်လှည့်ဖြားသွေးဆောင်လေတော့သည်။

### *ဤပြဿနာကိုကောင်းကင်၌မည်ကဲ့သို့ဖြေရှင်းခဲ့သနည်း*

"ဝါကြွားသောစိတ်ရှိလျက် ဂုဏ်ထွန်းတောက်သောကြောင့် သင့်၏ပညာသည်ဖေါက်ပြန်လျက်ရှိလေပြီ။ ငါသည် သင့်ကိုမြေတိုင်အောင်နှိမ့်ချမည်" (ယေဇကျေလ ၂၈း၁၇)။

ဘဝင်မြင့်ခြင်းသည် အကြီးဆုံးကောင်းကင်တမန်မှ စာတန်အသွင်သို့ကူးပြောင်းခဲ့လေသည်။ ကောင်းကင်တွင်ညီညွတ်မှုနှင့်ငြိမ်သက်ခြင်းရရှိထိန်းသိမ်းနိုင်ရန် စာတန်နှင့် သူ၏တမန်များ၊ ကောင်းကင်တမန်သုံးပုံတစ်ပုံတို့ကိုကောင်းကင်မှနှင်ထုတ်ရတော့သည်။ (ဗျာ၊ ၁၂း၄၊ ၇–၉)။

## ၇။ အပြစ်ပြုလုပ်ရခြင်းသည် မည်သူ့အပေါ်တာဝန်ရှိပါသနည်း၊ ဘုရားသခင်သည်အပြစ်မလုပ်နိုင်သောသူကို ဘာကြောင့်မဖန်ဆင်းပါသနည်း။

ဖန်ဆင်းခဲ့သောဤလောကတွင် အပြစ်ရှိမည်မဟုတ်ပါ။ သို့ရာတွင် ဘုရားသခင်သည် လူနှင့်ဘုရားသခင် ရှင်းလင်း ပြတ်သားစွာဆက်ဆံပေါင်းသင်းနေထိုင်နိုင်ရန် လူကိုပင် မိမိပုံနှင့်တညီတစ်သဏ္ဍာန်တည်းဖန်ဆင်းခဲ့ပါသည်။

(ကမ္ဘာဦး ၁း၂၇)။ လူသည် လွတ်လပ်၍ တာဝန်ရှိကြောင်းပြသည်။ ကျွန်ုပ်တို့သည် ကိုယ့်သဘောအရ၊ ဘုရားသခင်ကိုကိုးကွယ်နိုင်သည် (သို့တည်းမဟုတ်) စွန့်လွှတ်ကျောခိုင်းနိုင်ကြောင်းပြသည်။ ဘုရားသခင်သည် ကောင်းကင်တမန်နှင့် လူတို့အား ကပ်ကာလအဆက်ဆက်တွင် ဝိညာဉ်ရေးသဘောတရားတည်းဟူသောလွတ်လပ်စွာရွေးပိုင်ခွင့်ပေးထားသည်။ "အဘယ်မည်သောဘုရားသခင်တို့အား ဝတ်ပြုမည့်အရာကို ယနေ့ရွေးကြလော့" (ယောရှု ၂၄း၁၅)။ ဘုရားသခင်သည် လူနှင့်ကောင်းကင်တမန်တို့အား မိမိ၏ပုံသဏ္ဌာန်ဖြင့် ဖန်ဆင်းသောကြောင့် အသိပညာနှင့်ဆင်ခြင်တုံတရားတို့သည် ဘုရားသခင်၏နည်းလမ်းမှန်ကန်ကြောင်းထောက်ပြသောကြောင့် အမှားသည်အပြစ်စွန့်လွှတ်ရမည်ဖြစ်ကြောင်းကိုပြသထားပါသည်။

ဆင်ခြင်တွေးတောမှုအသိတရားကြောင့် မေတ္တာ၏ဗဟုသုတကိုခံစားနိုင်သည်။ ဘုရားသခင်သည် မိမိအကြောင်းကို သဘောပေါက်နားလည်၍ မိမိ၏အကျင့်နှစ်သက်လက်ခံလာ၍ မေတ္တာဖြင့်တုံ့ပြန်ခြင်းကိုနှစ်သက်လက်ခံတတ်၏။ ဘုရားသခင်သည် မိမိ၏မေတ္တာကို လူနှင့်ကောင်းကင်တမန်တို့အားဝေငှလိုသောကြောင့် မိမိတို့၏စိတ်ကြိုက်ရာကိုရွေးယူခွင့်ရရှိသောကြောင့် မိမိကိုယ်တိုင်စွန့်စား၍ တရားကိုတာဝန်ကြီးစွာဖြင့်ထိန်းသိမ်းရပေမည်။ စာတန်သည်ရွေးပိုင်မှုကို အကြောင်းပြကာ ပထမဆုံးသောပုဂ္ဂိုလ်အနေဖြင့် မကောင်းမှုကိုရွေးခဲ့ပါသည်။ (ယောဟန် ၈း၄၄။ ၁ယော ၃း၈)။

## ၈။ လက်ဝါးကပ်တိုင်သည်အပြစ်ကိုဖျက်ဆီးနိုင်ရန်အစွမ်းတန်ခိုးပေးသည်

အပြစ်ရောဂါမပြန့်ပွားရလေအောင် ဘုရားသခင်သည် လူစီဖါအားဘာကြောင့်မဖျက်ဆီးပါသနည်း။ လူစီဖါသည် ဘုရားသခင်၏အုပ်ချုပ်ပုံမတရားကြောင်းကိုအကြောင်းပြု၍ ဆန့်ကျင်သည်။ ဘုရားသခင်လုပ်ရပ်များကိုလိမ်လည်ပြောဆိုသည်။ အကယ်၍ဘုရားသခင်သည် စာတန်အားချက်ချင်းဖျက်ဆီးပစ်သော် လူနှင့်ကောင်းကင်တမန်တို့သည် ဘုရားသခင်ကိုမေတ္တာဖြင့်မဟုတ်ဘဲ ကြောက်ရွံ့ခြင်းဖြင့်သာ ကိုးကွယ်ဆည်းကပ်တော့မည်။ လူနှင့်ကောင်းကင်တမန်တို့ပေးထားသောရွေးချယ်ပိုင်ခွင့်သည် ပျက်စီးသွားတော့မည်။

လူများတို့သည် ဘုရားသခင်၏နည်းလမ်း၊ စည်းကမ်းအကောင်းဆုံးဖြစ်ကြောင်း မည်ကဲ့သို့သိနိုင်သနည်း။ ဘုရားသခင်အားဆန့်ကျင်သူစာတန်ကပင်လျှင် လူအားသွေးဆောင်နိုင်သောရွေးပိုင်ခွင့်ပြုထားသည်။ ထို့ကြောင့် အာဒံအားသွေးဆောင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤကမ္ဘာတွင်ဘုရားသခင်၏မေတ္တာတော်နှင့် စာတန်၏အကျင့်တရားများချင့်ချိန်နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ဤအခြင်းအရာကိုသိမြင်လာသောအခါ အပြစ်၏အခသည် သေခြင်းဖြစ်၍ ထာဝရဘုရားသခင်၏ကျေးဇူးတော်သည် ထာဝရအသက်ဖြစ်ကြောင်းသိမြင်တွေ့ရှိလာမည်။ (ရောမ ၆း၂၃)။

### *စကြဝဠာရှိလူသားအပေါင်းတို့သည်ထောက်ခံသဘောတူပါမည်*

"ထိုသူတို့သည် ဘုရားသခင်၏ကျွန်မောရှေ၏သီချင်းနှင့်သိုးသငယ်၏သီချင်းကိုသီ၍---ကိုယ်တော်၏ အပြုအမူတို့သည်ကောင်းမြတ်၍ အံ့သြဖွယ်ဖြစ်ပါ၏။---ကိုယ်တော်၏အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏။ အိုထာဝရဘုရားသခင်၊ ကိုယ်တော်ကိုမကြောက်ရွံ့ဘဲ၊ နာမတော်ကိုမချီးမွမ်းဘဲ အဘယ်သူနေရပါအံ့နည်း။---လူမျိုးအပေါင်းတို့သည်လာ၍ ရှေ့တော်၌ကိုးကွယ်ကြပါလိမ့်မည်။ (ဗျာ၊ ၁၅း၃၊ ၄)။ လူအပေါင်းတို့သည် အပြစ်၏ကြောက်မက်ဖွယ်အန္တရာယ်၊ ပျက်စီးခြင်းဘေးဒုက္ခနှင့်ပြည့်သော စာတန်၏အတွေးအခေါ်သဘောတရားကိုသိလာကြမည်။ ဘုရားသခင်သည် သူ၏ကျေးဇူးတရားကိုငြင်းသော စာတန်၏ဘက်တော်သားများကိုဖျက်ဆီးပစ်မည်။ ကျွန်ုပ်တို့သည် စာတန်၏ဘက်တော်သားများဖျက်ဆီးပစ်ရန်လိုလားသကဲ့သို့ ဘုရားသခင်ကလည်း ဧကန်မုချဖျက်ဆီးပစ်ပါမည်။ ဘုရားသခင်သည် အပြစ်နှင့်အပြစ်လုပ်ရန်တိုက်တွန်းသူများကို ယတိပြတ်ရာသက်ပန်

ဖျက်ဆီးရန် စောင့်ဆိုင်းသည်။ ဤစောင့်ဆိုင်းသည့်အချိန်တွင် ထိုသူ၏ရွေးချယ်မှုအခွင့်အရေးကိုထိန်းသိမ်းရန်နှင့် အပြစ်မပြုလုပ်ရန် ကာကွယ်ပေးနေကြောင်းပြသထားသည်။

ဘုရားသခင်သည် အပြစ်ကိုစီရင်ရန် မီးအားဖြင့်သန့်ရှင်းစေမည်ဖြစ်ကြောင်း ကတိပေးထားသည်။ ထိုကတိတော်ကိုစောင့်မျှော်ကာ သန့်ရှင်းသူများနေမည့် ကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုစောင့်မျှော်ရပါမည် (၂ပေ ၃း၁၀၊ ၁၃)။ အပြစ်သည် ဤစကြဝဠာအတွင်းဝင်ရောက်ထိုးဖေါက်ရန်မရတော့ပါ။ အပြစ်၏ဝမ်းနည်းဖွယ်၊ အပြစ်တရားပြတ်သားစွာထင်ရှား၍ ထာဝရဘုရားသခင်၏တရားတော်ကိုနားမထောင်ခြင်းသည် လူတိုင်းတို့ရှေ့တွင် ရာသက်ပန်ရွံရှာဖွယ်ရာဖြစ်လာမည်။ “ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကိုအစိုးရသောသူတည်းဟူသော စာတန်၏တန်ခိုးကိုချိုးဖဲ့ဖျက်ဆီးခြင်းငှါလည်းကောင်း၊ သေဘေးကိုကြောက်၍ တစ်သက်လုံးကျွန်ခံရသောသူတို့ကိုကယ်လွှတ်ခြင်းငှါလည်းကောင်း ထိုသူငယ်တို့နည်းတူ အသွေးအသားကိုဆောင်ယူတော်မူ၏။” (ဟေဗြဲ ၂း၁၄၊ ၁၅)။ ခရစ်တော်ကိုကပ်တိုင်ပေါ်တင်သောအခါ ကောင်းကင်တမန်များနှင့် အပြစ်မရှိသောကမ္ဘာသားများတို့သည် စာတန်၏စိတ်ထားအဖြစ်မှန်ကို မျက်ဝါးထင်ထင်မြင်တွေ့လာတော့သည်။ လိမ်လည်သူလူသတ်သမားဖြစ်ကြောင်းသိရှိလေသည်။ စာတန်သည် အပြစ်မရှိသောခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်သို့တင်ထားခြင်းဖြင့် မိမိအကျင့်များဖေါ်ပြထားလေသည်။ စာတန်၏မကောင်းမှုများကို လူသူအများ သိသွားပြီးနောက် အပြစ်ကိုနှစ်သက်သူများနှင့် စာတန်ကိုဖျက်ဆီးရခြင်းမှာ တရားကြောင်းသိလာကြပါမည်။

ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်တက်ရောက်ရခြင်းမှာ စာတန်၏ဆန္ဒကိုပြသခြင်းနှင့် လက်ဝါးကပ်တိုင်ပေါ်က ခရစ်တော်သည် ကမ္ဘာ့လူသားအပေါင်းတို့၏ကယ်တင်ရှင်ကိုဖေါ်ပြသည်။ ထိုလက်ဝါးကပ်တိုင်၌ပင် ချွင်းချက်မရှိသောဘုရားသခင်၏မေတ္တာတော်ကိုပြထားသည်။ စာတန်၏စစ်ပွဲရှုံးနိမ့်ခဲ့ကြောင်းကိုလည်းပြသခဲ့သည်။ စစ်ပွဲကြီးပြီးဆုံးခဲ့ပါပြီ။ ဤကမ္ဘာကြီးကိုဘယ်သူအုပ်စိုးမည်နည်း။ ခရစ်တော်မဟုတ်လျှင် စာတန်ဖြစ်ရမည်။ သို့ရာတွင် လက်ဝါးကပ်တိုင်သည် အဖြေမှန်ကိုပေးခဲ့ပြီ။ ခရစ်တော်သာလျှင် စကြဝဠာကြီးကိုအုပ်စိုးတော်မူမည်။

သင်သည် ကယ်တင်ရှင်နှင့်မိတ်သဟာယဖွဲ့ခဲ့ပြီလား။ ခရစ်တော်သည် အသက်စွန့်၍ မနှိုင်းယှဉ်နိုင်သော၊ မပြောင်းလဲနိုင်သောမေတ္တာတော်ကိုပြခဲ့ပါပြီ။ ခရစ်တော်သည် ဤလောကသို့ကြွလာ၍ အသက်တော်ကိုစွန့်ကာ အပြစ်၏သေခြင်းတရားမှကယ်တင်တော်မူကြောင်း သင်သိရှိခံစားရပါသလား။ ယခုသင်သည် ဦးညွှတ်၍ သင်၏အသက်တာအားလုံးကိုပိုင်ဆိုင်ရန် ရိုသေစွာဖြင့်တောင်းခံလိုပါသလား။

–ဝ–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၃) အဖြေလွှာ
## ကျွန်ုပ်၏အသက်တာသည် ဘုရားသခင်အတွက်အရေးကြီးပါသလား

သင်သည် အောက်ပါမေးခွန်းများကိုဖြေဆိုသောအခါ ရှာဖွေတွေ့ရှိခြင်းလမ်းညွှန်ကို ပြန်လည်သုံးသပ်ပါ။ အဖြေမှန်တွေ့ရှိနိုင်ပါသည်။ အဖြေသည် လမ်းညွှန် (၃) တွင်ရှိပါသည်။ အမှန် (သို့မဟုတ်) အမှားအဖြေမှန်တစ်ခုကို စက်ဝိုင်းခတ်ပါ။

၁။ မှန် – မှား ဖန်ဆင်းသည့်အချိန်၌ ဘုရားသခင်သည်အမိန့်ပေး၍ ကောင်းကင်ဖြစ်လာသည်။

မှန်သောဝါကျရှေ့တွင်ကြက်ခြေခတ် **(x)** ပေးပါ။

၂။ ------ ဘုရားသခင်သည် အာဒံနှင့်ဧဝကို ခြောက်ရက်တစ်ရက်တွင်ဖန်ဆင်းသည်။
------ လူသားတိုင်းကို ဘုရားသခင်သည် မိမိ၏ပုံသဏ္ဍာန်အတိုင်းဖန်ဆင်းသည်။
------ ဘုရားသခင်သည် အာဒံ၏ကိုယ်ကို ရေမှဖန်ဆင်းသည်။

၃။ ဘုရားသခင်သည် အာဒံနှင့်ဧဝကိုပြည့်စုံသောကမ္ဘာထဲတွင်ထားသည်။
------ ဘုရားသခင်သည် အာဒံနှင့်ဧဝတို့အား ကောင်းမကောင်းသိကျွမ်းရာအသီးစားလျှင် ပညာရှိမည်ဖြစ်ကြောင်းမှာကြားသည်။
------ အပြစ်သည် အာဒံနှင့်ဧဝကိုဘုရားသခင်ရှေ့မှာပုန်းအောင်းစေသည်။
------ စာတန်နတ်ဆိုးသည် အာဒံနှင့်ဧဝအား ဖန်ဆင်းရှင်ကိုနားမထောင်ရန် သွေးဆောင်သည်။
------ အာဒံသည် တားမြစ်သောအသီးကိုစားပြီး ဧဝကိုပေးသည်။
------ အာဒံနှင့်ဧဝတို့အားသွေးဆောင်၍ အပြစ်ထဲရောက်ပြီးနောက် စာတန်နတ်ဆိုးသည် ကမ္ဘာ၏ပညတ်တော်များကို သူတို့ထံမှယူသွားသည်။

အမှန် (သို့မဟုတ်) အမှားအဖြေမှန်တစ်ခုကိုစက်ဝိုင်းခတ်ပါ။

၄။ မှန် – မှား စာတန်နတ်ဆိုးသည် အပြစ်၏အစမူလဖြစ်သည်။

၅။ မှန် – မှား ဘုရားသခင်သည် စာတန်နတ်ဆိုးကိုဖန်ဆင်းသည်။
မှန် – မှား ဘုရားသခင်သည် လူစီဖါအား ပြည့်စုံသောတမန်အဖြစ်ဖန်ဆင်းသည်။ သူသည် ဘုရားသခင်ကို မနာလိုစိတ်ပွား၍ အပြစ်လုပ်ရန်ကိုယ်တိုင်ရွေးချယ်၍ လူစီဖါသည် မိမိ၏ဘဝကို နတ်ဆိုးဘဝသို့ ကူးပြောင်းသွားစေသည်။

၆။ မှန် – မှား စာတန်နတ်ဆိုးအား ကောင်းကင်မှနှင်ထုတ်၍ ဖန်ဆင်းပြီးစကမ္ဘာသစ်သို့ရောက်လာသည်။

၇။ မုန် – မှား ဘုရားသခင်သည် လူကိုဖန်ဆင်းစဉ်က လူအပြစ်လုပ်ရန်၊ မလုပ်ရန် ရွေးချယ်မှုအစွမ်းတန်ခိုးဖြင့် ဖန်ဆင်းသည်။

၈။ မှန် – မှား လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်သည် ဘုရားသခင်၏အကျင့်၊ မေတ္တာကိုပြသည်။

**စဉ်းစားရန်မေးခွန်း**

သင်၏အသက်တာကို ဘယ်သူအုပ်စိုးနေပါသနည်း။ ခရစ်တော်သည် ငြိမ်သက်ခြင်းအရှင် (သို့မဟုတ်) စာတန်သည် ပြဿနာအပေါင်းတို့၏အရှင်ဖြစ်သော ဒုက္ခနှင့်သေခြင်း။

–ဝ–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**--------------------------------

**လမ်းနှင့်အိမ်အမှတ်**-----------------------

**မြို့**----------------------------------

**နယ်**---------------------------------

**ကိုးကွယ်သည့်ဘာသာ**---------------------

စိတ္တသုခရှာဖွေခြင်း (၃)

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၄၇၀/၂၀၀၃ (၇)

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၉) စိတ္တသုခရှာဖွေခြင်း၊ (အမှတ်စဉ်ထုတ်) ၆၈/၇၂ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(စောင်ရေ ၅၀၀၀၊ ပထမအကြိမ်)